# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၆၉)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ၊ ၇-၂-၂၀၂၆၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံ မဖြစ်စေရန် မိမိတို့အားလုံးစည်းလုံးညီညွတ်ကြရမည်ဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော် ကျယ်ဝန်းကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ "ဝ"၊ ခနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူးစသည့် တိုင်းရင်းသားများသည်လည်း ကာလကြာရှည်စွာ အတူယှဉ်တွဲစုပေါင်းနေထိုင်လာခဲ့ကြသည်မှာ သမိုင်းအထောက်အထားများက သက်သေခံလျက်ရှိပေသည်။

စာမျက်နှာ ၃ သို့ ❒

## မြန်မာ - ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၄ သို့ ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားပေါ်၌ ဖြတ်သန်းကြည့်ရှုစဉ်။

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၇ ရက် ၊ စနေနေ့။

မန္တလေး

# နိုင်ငံတကာနှင့် ဒေသတွင်း တရားစီရင်ရေးများ ရင်ပေါင်တန်းနိုင်ရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်ရမည်

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးတို့ကို နိုင်ငံတော်မှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ တရားရုံးများအနေဖြင့်လည်း တရားစီရင်ရာမှာ ဥပဒေနှင့်အညီ ထိရောက်ဟန့်တားသည့်ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းထားပြီးဖြစ်၍ ယင်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအားလုံးက လိုက်နာစစ်ဆေးစီရင်ကြရန်ဖြစ်ကြောင်း၊ သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးသည့်အမှုများ၊ ဘဏ်များကစွဲဆိုသည့်အမှုများကိုလည်း ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာသိမ်း သက်သေခံယာဉ်များကို သတ်မှတ်အချိန်ကာလအတွင်း အပ်နှံကြရန်နှင့် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ အကြိမ်(၃၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

နိုင်ငံတကာနှင့် ဒေသတွင်း တရားစီရင်ရေးများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကောင်းမွန်သည့်ရလဒ် ပိုမိုထွက်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စေ့စပ်ဖြေရှင်းရေးနှင့်ပတ်သက်ပြီး အသိပညာပေးမှု Raising Awareness များကိုလည်း ဆက်လက်လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း၊ ထို့အတူ မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ပြင် မူပိုင်ခွင့်ဆိုင်ရာ၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ၊ လူမွဲခံယူခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်းသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာသဘောတူစာချုပ်များကိုလည်း နားလည်ကျွမ်းကျင်အောင် ဖတ်ရှုလေ့လာမှတ်သားကြရန်ဖြစ်ကြောင်း၊ တရားရုံးများလက်စွဲ အပိုဒ် ၉၉၇ အရ တရားရုံးများစစ်ဆေးခြင်းကိုလည်း မပျက်မကွက် ပုံမှန်စစ်ဆေးသွားကြရန်နှင့် ရှောင်တခင်စစ်ဆေးခြင်းများကိုလည်း အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ စတုတ္ထနှစ် လုပ်ငန်းအစီအစဉ်(၂၀၂၆)တွင် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် ဆက်လက်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံခြားသားနှင့် မြန်မာအမျိုးသမီး ထိမ်းမြားလက်ထပ်ပေးသည့်ကိစ္စများမှာ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားမှု တရားဝင်ဖြစ်စေရေး၊ အလွယ်တကူ လက်ထပ်ထိမ်းမြားပေးခြင်းဖြင့် မလိုလားအပ်သော လူကုန်ကူးမှုကဲ့သို့ ဥပဒေပြဿနာများ ပေါ်ပေါက်လာနိုင်သည့် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ထိမ်းမြားလက်ထပ်ရာတွင် လိုအပ်သည့် အချက်အလက်များကို ပြည့်စုံမှုရှိ၊ မရှိ သေချာစွာစိစစ်ပြီး ဆောင်ရွက်ကြရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ဝိနည်းနှင့်အညီ ထိမ်းမြားလက်ထပ်ရာတွင်လည်း ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီနေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို လေ့လာသိရှိနားလည်ထားကြရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာ နည်းပညာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မှုခင်းများမှာ မှန်ကန်စွာသုံးသပ်ဆုံးဖြတ်နိုင်မှာဖြစ်သည်။ ထို့ပြင် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာ့အခြေအနေများနှင့်အညီ နိုင်ငံတကာနှင့် ဒေသတွင်း တရားစီရင်ရေးများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

- (၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊
- (၂) ပန်းအလှပင်ပြိုင်ပွဲ၊
- (၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
- (၄) အရွက်အလှပင်ပြိုင်ပွဲ၊
- (၅) ရွက်လှပင်ပြိုင်ပွဲ၊
- (၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
- (၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
- (၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
- (၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
- (၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
- (၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
- (၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
- (၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
- (၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
- (၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
- (၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
- (၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
- (၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)၊
- (၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
- (၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
- (၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
- (၂၂) ဟင်းသီး အသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
- (၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ၈၂ လမ်းနှင့် ၈၄ လမ်းကြား၊ ဘုရားကြီးတောင်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**




## မြို့နယ်ပြည်သူ့စာကြည့်တိုက် ဆောင်ရွက်ထားရှိမှု ကြည့်ရှုအားပေး

**တံတားဦး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းသည် ယနေ့နံနက် ၁၁ နာရီက တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသော မြို့နယ်ပြည်သူ့စာကြည့်တိုက် ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ပြည်သူ့စာကြည့်တိုက်တွင် ဆောင်ရွက်ထားရှိမှု၊ ပြပွဲ၊ ပြိုင်ပွဲများဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်သူဦးရေတိုးပွားရေး၊ လူကြီးလူငယ်များ လာရောက်၍ စာဖတ်စေရေး၊ ပြပွဲ၊ ပြိုင်ပွဲများကိုတိုးမြှင့်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❒ ရှေ့ဖုံးမှ

ရှမ်းပြည်နယ်သည် သဘာဝရာသီဥတု သင့်တင့်ကောင်းမွန်ပြီး ခရီးသွားတောင်ပေါ်အပန်းဖြေမြို့များ တည်ရှိလျက်ရှိသော သာယာလှပသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကျော်ကြားသည့် ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့် ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် အမွေအနှစ်များနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များစုံလင်စွာနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်မှ သာယာပြည့်စုံသည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် တိုင်းရင်းသားများ အတူတကွလက်တွဲနေထိုင်ခဲ့ကြပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာဖြင့် ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲ၍ မတရားတိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်တိုက်ခိုက်မှုနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြရာတွင် ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ရှပ်ရှပ်ချွံချွံပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် စစ်မှန်သော လွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲနေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းထန်ဆုံးနှင့် အခိုင်မာဆုံးသော သန္နိဋ္ဌာန်ကြီးအတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်ကြိုးပမ်းကြရာတွင် ရှမ်းပြည်နယ်မှ တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ်တည်း စည်းလုံးညီညွတ်စွာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာပြည်မ၌ "ဖဆပလ" အဖွဲ့ချုပ်ကြီးဦးဆောင်၍ လွတ်လပ်ရေးအတွက် အပြင်းအထန်ကြိုးပမ်းတိုက်ပွဲဝင်ချိန်တွင် ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသား မျိုးချစ်လူကြီးလူငယ်များကလည်း မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည့် အချိန်ကာလတွင် ဖက်ဆစ်ဂျပန်တို့က ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြပြန်ပါသည်။ နယ်ချဲ့ဗြိတိသျှကို မောင်းထုတ်နိုင်ခဲ့သော်လည်း နောက်ရောက်လာသည့် ဖက်ဆစ်ဂျပန်တို့သည် တိုင်းပြည်နှင့် လူမျိုးအပေါ် ရက်စက်စွာနှိပ်စက်ခဲ့ကြပါသည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားအားလုံးသည် ဖက်ဆစ်ဂျပန်တို့ကို တညီတညွတ်တည်း ပါဝင်လှုပ်ရှား တိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့အား မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့ကြပါသည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် အင်္ဂလိပ်နယ်ချဲ့တို့ တစ်ကျော့ပြန် ဝင်ရောက်လာခဲ့ပြီး တောင်တန်းနှင့် ပြည်မကိုခွဲခြားကာ ရှမ်းပြည်နယ်တစ်ဝန်းလုံးကို ယခင်ရှိခဲ့သော ပဒေသရာဇ်စနစ်ဟောင်းအတိုင်း စော်ဘွား၊ မြို့စား၊ ငွေခွန်မှူး စသည့် အကြီးအကဲများအား ဆက်လက်ထားရှိပြီး သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှတို့သည် စစ်အတွင်းကရေးဆွဲခဲ့သော စက္ကူဖြူစာတမ်းအတိုင်း မြန်မာပြည်အား မဖြစ်မနေလွတ်လပ်ရေးပေးရလျှင်သော်မှ တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးစားခဲ့ကြပြန်ပါသည်။

ဤသို့ဖြင့် ဗြိတိသျှတို့၏ ဖိနှိပ်ချုပ်ချယ်သွေးစုပ်မှုများနှင့် တောင်တန်း ပြည်မခွဲခြားမှုများကို တိုင်းရင်းသားအားလုံး၏ ညီညွတ်မှုအင်အားဖြင့် တောင်းဆိုတိုက်ပွဲဝင်မှုကြောင့် ဗြိတိသျှတို့သည် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လန်ဒန်သို့ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကိုဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်းလွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက တောင်းဆိုခဲ့ပါသည်။ ရှမ်းပဒေသရာဇ်ကောင်စီ၏ အမှုဆောင်ကောင်စီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ကန့်ကွက်ခဲ့သဖြင့် ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ခေါင်းဆောင်များက တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီးကျင်းပကာ ဆုံးဖြတ်ချက်များချမှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းသည်

**"ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်"**

တောင်တန်းသားများအတွက် ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို အပြည့်အဝထောက်ခံကြောင်း ကြေးနန်းပေးပို့လိုက်မှသာလျှင် အောင်ဆန်း-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်နေ့မှ (၆) ရက်နေ့အထိ ကောင်စီအမှုဆောင်အဖွဲ့ဝင်စော်ဘွားများနှင့် ရှမ်းပြည်လူထုကိုယ်စားလှယ်များပါဝင်သည့် ဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များက ဆပ်ကော်မတီဖွဲ့စည်းကာ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်း ၊ ကချင် ၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် ပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ (၇) ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၉) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**လေးစားချစ်ခင်ရပါသော တိုင်းရင်းသားပြည်သူများ ခင်ဗျား**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများ၏ ညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ပေါ်ပေါက်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအမွေဆိုးများသည် ယနေ့တိုင် ချုပ်ငြိမ်းမှုမရှိဘဲ လူမျိုးစွဲ၊ ဝါဒစွဲများဖြင့် ကျဉ်းမြောင်းသည့် နိုင်ငံရေးအမြင်၊ လူမျိုးရေးအမြင်၊ ကိုယ်ကျိုးအတ္တလွန်ကဲမှုများနှင့်အတူ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံနှင့် ပြည်သူများ ဆင်းရဲဒုက္ခများ ကြုံတွေ့နေရဆဲဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အချိန်တိုကာလအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးဖြစ်ပွားမှုတို့ကြောင့် ကြုံတွေ့လာရသည့် ထိခိုက်ပျက်စီးမှုများကိုလည်း ငွေကြေးဘီလီယံပေါင်းများစွာကျခံပြီး ပြန်လည်တည်ဆောက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သည့် မဟာငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရရုံးဌာနအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံများနှင့် စေတီပုထိုးများ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ငွေကျပ် ၁၄၇ ဘီလီယံကျော် ခွဲဝေချထားကာ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များ ဦးဆောင်စေလျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွား တိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင် ဖြစ်ပါသည်။

တိုင်းပြည်တစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန်အတွက် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးတို့ ထာဝရတည်တံ့ခိုင်မြဲရေးကို ကိုယ်စွမ်းကိုယ်စနှင့် စည်းလုံးညီညွတ်သော စွမ်းအားတို့ဖြင့် ထိန်းသိမ်းမှုမပြုနိုင်လျှင် နိုင်ငံ၏အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုစေလိုပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲနေစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အပေါ် ဘေးအန္တရာယ်ကျရောက်လာလျှင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာ လက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိနှင့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုများအကြား လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရန် ဝိုင်းဝန်းကြိုးစားသွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အာဏာရပါတီ၏ မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားရယူခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကိုလည်း ကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် အစိုးရထံသို့ နိုင်ငံတော်အာဏာကို စနစ်တကျလွှဲပြောင်းပေးအပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပြည်တွင်း ပြည်ပပယောဂများနှင့် သွေးထိုးမြှောက်ပင့်မှုများကြောင့် နိုင်ငံနှင့် တစ်ဝန်းဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းမတည်ငြိမ်မှုများကို အခွင့်ကောင်းယူ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့ကလည်း အကြမ်းဖက်အဖွဲ့များအား စည်းရုံးသိမ်းသွင်း၍ နိုင်ငံတည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်လာခဲ့ကြပါသည်။ မိမိတို့တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ရင်းနှီး၍ ကာကွယ်စောင့်ရှောက်ခဲ့ရပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် တည်ငြိမ်အေးချမ်းသည့် မူလအခြေအနေရောက်အောင် ပြန်လည်ကြိုးစားလျက်ရှိပါသည်။ သို့ဖြစ်ရာ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ ပကတိလိုအပ်ချက်ကို သိရှိနားလည်ပြီး လက်နက်ကိုင်လမ်းစဉ်နှင့် ဆူပူအကြမ်းဖက်မှုများကိုစွန့်လွှတ်ကာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲစကားဝိုင်းသို့ လာရောက်ကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ပေးကြရန်ကိုလည်း ဖိတ်ခေါ်အပ်ပါသည်။ ထို့ပြင် ပြည်နယ်အတွင်း ဖြစ်ပွားနေသော မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှုများ၊ အွန်လိုင်းလောင်းကစားလိမ်လည်မှုများနှင့် တရားမဝင်ကုန်သွယ်မှု စသည့် နိုင်ငံနှင့်ပြည်သူ၏ ဂုဏ်သိက္ခာကို ကျဆင်းစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေသည့် လုပ်ဆောင်နေမှုများ ပပျောက်စေရေးကိုလည်း အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံကာ နိုင်ငံနှင့် လူမျိုးကောင်းကျိုးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **"ရှမ်းပြည်နယ်နေ့"** အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူအားလုံးတို့နှင့်အတူ လက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် ဤသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်

❖ ရှေ့ဖုံးမှ

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများနှင့် ကိုးရီယားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားဖွင့်ပွဲ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ခြင်း Documentary Movie ကို ဖွင့်လှစ်တင်ပြသည်။ ဆက်လက်၍ တံတား တည်ဆောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ကိုရီးယားနိုင်ငံ၊ တံတားတည်ဆောက်ရေးတာဝန်ခံအဖွဲ့ Soosung ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို့ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂါရဝပြုပေးအပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် မြစ်တစ်ဖက်ကမ်းတွင် ရှိသည့်ဒလမြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့ဖြစ်ကြောင်း၊ ယခုတံတားကြီးကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအားဖြင့် မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်ပေါင်းရာချီ မြို့သက်တမ်းရှိခဲ့သည့် ရန်ကုန်မြို့၏ မြို့လယ်ဧရိယာကို မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်နှင့် ပါပေါင်းစပ်ပေးနိုင်ခဲ့ပြီ ဖြစ်သဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်သည်ကို ပဏာမအနေဖြင့် ပြောကြားလိုကြောင်း။

ယခု တည်ဆောက်ပြီးစီးခဲ့သည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားသည် အရှည် ၆၁၂၇ ပေရှိပြီး လေးလမ်းသွား တံတားသစ်ကြီး ဖြစ်ကြောင်း၊ အခြားတံတား ဒီဇိုင်းများနှင့်မတူဘဲ ရန်ကုန်မြို့၏အထင်ကရ အမှတ်အသား(Landmark)ဖြစ်အောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးခဲ့သည့် တံတားများထဲတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကင်းလွတ် အမြင့်ဆုံး သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge) အဖြစ် ခိုင်ခံ့လှပ ထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံများနှင့် ထပ်တူထပ်မျှ ဝမ်းသာကြည်နူးရသည်ကိုလည်း ပြောကြားလိုကြောင်း။

ယခုတံတားကြီးကို တည်ဆောက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် မြန်မာ - ကိုရီးယား နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ (Economic Development Cooperation Fund-EDCF) ချေးငွေမှ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်းနှင့် နိုင်ငံတော်အစိုးရမှထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၄ သန်းဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားကြီး အပြီးသတ်ဆောင်ရွက်နိုင်ရန် မြန်မာကျပ်ငွေ ၂၃ ဒသမ ၀၆၂ ဘီလီယံကျပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထပ်မံဖြည့်စွက်ပြီး ပံ့ပိုးဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း။

**ဆက်သွယ်သွားလာနိုင်**

ယခုအခါတွင် နိုင်ငံတော်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍတွင်ပါဝင်သည့် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းမှ လမ်း၊ တံတားများ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရေးအတွက် ဦးစားပေး ဆောင်ရွက်နိုင်စေရန် ပထဝီနှင့် သဘာဝ အတားအဆီးဖြစ်သည့် မြစ်/ ချောင်းနေရာများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေး သွားလာနိုင်အောင် ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

> ❊ ယခုတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်ပေါင်းရာချီ မြို့သက်တမ်းရှိခဲ့သည့် ရန်ကုန်မြို့၏ မြို့လယ်ဧရိယာကို မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်နှင့်ပါ ပေါင်းစပ်ပေးနိုင်ခဲ့ပြီဖြစ်သဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရည်အသွေးကောင်းမွန်ရေး၊ ဒေသအတွက် အကျိုးဖြစ်ထွန်းမှု ရှိ/မရှိ ထောက်ပြဝေဖန်ပေးနိုင်ကြရန်နှင့် တည့်မတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးကြရပါရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုဆောင်ရွက်သည့် စီမံကိန်းများသည် ဒေသအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ ဖြစ်ရန်လည်း လိုအပ်ကြောင်း။

**ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်**

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမြို့တော်ကြီးတစ်မြို့ဖြစ်ပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူဦးရေတိုးပွားလာမှုတို့ကြောင့် တစ်နေ့တာသွားလာသည့် ယာဉ်စီးရေသည်လည်း သိသိသာသာ တိုးမြင့်လာခဲ့ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ယာဉ်ကြောသွားလာမှု စနစ်တကျဖြစ်စေရေး အခြေခံအဆောက်အအုံ (Infrastructure) များဖြစ်သည့် မြို့တွင်း လမ်းများတိုးချဲ့ခြင်း၊ ခုံကျော်တံတားများ တည်ဆောက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ယခုကဲ့သို့ လေးလမ်းသွား မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချနိုင်ပြီး ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာသည့်အတွက် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကြီး တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့လည်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒလမြို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

စာမျက်နှာ ၅ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၄ မှ*

ဆက်သွယ်ထားသည့် ဝင်ပေါက်မြို့တစ်မြို့ဖြစ်လာပြီး ဒေသအတွင်းက ထုတ်ကုန်များကို ကုန်းလမ်းမှ အချိန်တိုအတွင်း သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေးဒရဲတံတားမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိမြို့များကိုလည်း လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ လယ်ဧရိယာနှင့် ကုန်းလမ်းဆက်သွယ်ရေး တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ဒလမြို့အပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များလည်း မြို့ပြအသွင်ဆောင်ပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ ပေါ်ထွန်းလာစေရန် မျှော်မှန်းချက်၊ ရည်မှန်းချက်များထားရှိပြီး မပြတ်သောသတိ၊ မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏အနာဂတ် ငြိမ်းချမ်းသာယာစေရန် နိုင်ငံသူနိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့် ရည်မှန်းချက် ဦးတည်ချက်များကို ကြိုးပမ်း ပုံဖော်လျက်ရှိကြောင်း၊ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့် လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားကြီးအား ပြည်သူများအနေဖြင့် အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်း၊ တံတားကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ကိုရီးယား သမ္မတနိုင်ငံအစိုးရနှင့် တံတားတည်ဆောက်ခြင်းဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယဉာဏ ဝန်ထမ်းများ၊ ပံ့ပိုးကူညီပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် တံတားတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသည့် တည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့များအား အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ- ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ဗည်းမော်ကွန်းကြေးပြားထားရှိသည့် Pylon-2 သို့ရောက်ရှိကြပြီး ကမ္ဗည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားပေါ်၌ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားသို့ တက်ရောက်လာကြသည့်တိုင်းရင်းသား လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ပတ်ဝန်းကျင်ကမ်းနား တစ်လျှောက် သာယာလှပရေးအဆိုပြုပုံစံအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒလမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားကို ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ချိန်အတွင်း နှစ်နိုင်ငံချစ်ကြည်ရေးတံတား စီမံကိန်းတစ်ခုကို ဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် နှစ်နိုင်ငံတာဝန်ရှိသူများတွေ့ဆုံပြီး ကိုရီးယားသမ္မတနိုင်ငံ၏ Economic Development Cooperation Fund (EDCF) ချေးငွေဖြင့် ရန်ကုန်မြစ်ပေါ်တွင် မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက် နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့ကြကြောင်း၊ တံတားစီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ် ဧပြီလအတွင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားပုံစံထုတ်လုပ်ရာတွင် အသုံးပြုသည့် စံချိန်စံညွှန်းများသည်မြန်မာနိုင်ငံ၏ လမ်းများနှင့် ယာဉ်သွားလာမှု အခြေအနေများ၊ ဘူမိဗေဒနှင့် မြေခံနိုင်ရည်စွမ်းအား၊ လူမှုရေး၊ စီးပွားရေး၊ စသည်များနှင့် သဟဇာတဖြစ်စေရန် ပေါင်းစပ်ရွေးချယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားစီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပင်မတံတား၏ လျှောစောက်(Gradient) ၅ ဒသမ ၉၅ ရာခိုင်နှုန်းရှိပြီး အရှည်မှာ ၆၁၂၇ ပေ၊ တံတားအကျယ် စုစုပေါင်း ၇၉ ပေရှိပြီး ၁၁ ပေ ၆လက်မ အကျယ် ယာဉ်သွားလမ်း ၄ လမ်းနှင့် ၆ ပေ၊ ၆ လက်မအကျယ် လူသွားလမ်း နှစ်ဖက်ပါရှိပြီး တံတားခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန်ဖြစ်ကြောင်း၊ တံတားဘေးတစ်ဖက်စီတွင် ရန်ကုန်မြို့မှ ဒလမြို့သို့ သောက်သုံးရေပေးဝေနိုင်ရေး ၁ ပေ၊ ၆ လက်မ အချင်းရှိ ရေပိုက်များကိုလည်း တပ်ဆင်ဆောင်ရွက်ထားကြောင်း။

တံတား တည်ဆောက်ရေးကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ခြင်းနှင့် နှောင့်နှေးတွေ့ကြုံခဲ့ရသည့် အခက်အခဲများကို နိုင်ငံတော်အစိုးရအနေဖြင့် တံတားတည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် နိုင်ငံတော် ဘဏ္ဍာငွေများကို ဖြည့်တင်းပေးနိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှနေ၍ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များကို လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒလမြို့သည်လည်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် ဝင်ပေါက်မြို့တစ်မြို့ ဖြစ်လာပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒလမြို့ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူတစ်ဆက်တစ်စပ်တည်း တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များသည်လည်း မြို့ပြအသွင်ဆောင်ပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခု တံတားကြီးကို တည်ဆောက် ဖွင့်လှစ်ခြင်းအားဖြင့် ဒေသတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့် ကဏ္ဍပေါင်းစုံကို ဖွံ့ဖြိုးတိုးတက်လာစေပြီး ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Landmark) တံတားတစ်စင်းအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဒုတိယပါမောက္ခချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထားမြင့်မားလာအောင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန်လိုပြီး လူမှုအသိုင်းအဝိုင်းအတွင်း အကျင့်ကောင်းများရရှိမှသာ နိုင်ငံ့အကျိုးဆောင်ရွက်နိုင်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်များကြွယ်ဝလာမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာနှင့် ဆေးနှင့်နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက် ယခုကဲ့သို့တွေ့ဆုံ အမှာစကားပြောကြားခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အရ မိမိတို့ နိုင်ငံလူဦးရေ၏ စာတတ်မြောက်သူမှာ ၉၁ ဒသမ ၁ ရာခိုင်နှုန်းကျော်ရှိသော်လည်း အခြေခံပညာ မူလတန်းအဆင့် တတ်မြောက်အောင်မြင်သူများပြားပြီး အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် တတ်မြောက်သူ နည်းပါးကြောင်း၊ ၎င်းမှာ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ တွေ့ရှိချက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတို့နှင့်ပါ နှိုင်းယှဉ်လေ့လာကြည့်ပါက မိမိတို့နိုင်ငံ၌ ပညာရေးမြှင့်တင်ရန် လိုအပ်ချက်ကြီးမားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း။

### အခြေခံပညာအဆင့် ပညာရည်မြှင့်တင်ရေး

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးမရရှိမီအချိန်ကာလအတွင်း ကိုလိုနီလက်အောက်ပညာရေးနှင့် ကမ္ဘာ့စစ်ဒဏ်ကို ခံစားခဲ့ရသဖြင့် ပညာသင်ကြားမှုများ ထိခိုက်ခဲ့ပြီး ပညာရေးအားနည်းခဲ့ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရပြီးချိန် နောက်ပိုင်းတွင် ပညာမတတ်သူပပျောက်ရေးအတွက် "အ" သုံးလုံး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့်ပတ်သက်၍ အဆိုပါအချိန်ကတည်းက အားနည်းချက်များရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားသည့် ကျောင်းပညာသင်ကြားမှုများ နည်းပါးသည့်အတွက် ပညာတတ်များနည်းပါးခဲ့ကြောင်း၊ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတွင် ပညာရေးအားနည်းချက်များကြောင့် တည်ငြိမ်အေးချမ်းမှုများ ထိခိုက်ခဲ့ရသည်များ ရှိကြောင်း။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း အတန်းပညာတက်ရောက်သူများသည် အတန်းပညာသင်ကြားခဲ့ရမှုမရှိကြသူများထက် စည်းကမ်းနှင့် အလေ့အကျင့်များ ပိုမိုကောင်းမွန်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် ကြီးပြင်းလာကြသူများဖြစ်သဖြင့် ယဉ်ကျေးလိမ္မာမှုနှင့် စည်းကမ်းလိုက်နာကြမှုရှိကြခြင်းဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခဖြစ်ပွားမှုများသည် ပညာရေးဆိုင်ရာ အားနည်းမှုများကြောင့်ဖြစ်သည်ဟုလည်း သုံးသပ်နိုင်ကြောင်း၊ အတန်းပညာ၊ အသိပညာများ အားနည်းမှုကြောင့် အခြားသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်ဆင်ခြင်မှုများ မရှိတော့ဘဲ လုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေခဲ့ခြင်းဖြစ်ကြောင်း။

❖ တက္ကသိုလ်ပညာရေးသည် သင်ကြားခြင်းထက် လေ့လာမှု(Study)နှင့် ဆွေးနွေးမှု (Discussion)ကို ပိုမိုအလေးထားသည့်စနစ်ဖြစ်၊ တက္ကသိုလ်ပညာနှင့် ပတ်သက်၍ အမှန်တကယ်တတ်မြောက်နားလည်အောင် သင်ကြားပေးသွားရန်လိုပြီး အဆင့်မြင့် ပညာတက္ကသိုလ်များ၌ လေ့လာခြင်းနှင့် ဆရာ၊ ဆရာမများနှင့် အပြန်အလှန် ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားရန်လို၊ အမှန်တကယ် ပညာတတ်မြောက်သူများဖြစ်စေရေး နည်းလမ်းပေါင်းစုံဖြင့် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်၊ တက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးဆောင်ရွက်ပေး

ပညာရေးမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ **စိတ်နေစိတ်ထား(Mind Set) ကို မြင့်မားလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊** ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအဆင့်၌ အပိုင်း ၂ ပိုင်းရှိပြီး အပိုင်းတစ်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး အပိုင်းနှစ်အနေဖြင့် ကျောင်းတက်ရောက်နေသည့် ကလေးတိုင်းကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရေးပင်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ အချို့ကျောင်းများမှာ စံကိုက်ဖြစ်သော်လည်း အချို့ကျောင်းများမှာ ကျောင်းအင်္ဂါရပ်များနှင့် ပြည့်စုံမှုမရှိသည်ကိုတွေ့ရကြောင်း၊ အဆင့်မြင့်ပညာဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကျောင်းများကို စံကိုက်ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးမှသာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် ကျောင်းတက်ရောက်ပြီး ပညာသင်ကြားလိုစိတ်များ ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဆရာ၊ ဆရာမများကိုလည်း ယခုထက်အရည်အသွေးမြင့်မားသည့် သင်ကြားမှုများ ဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သင်ကြားရေးပိုင်းဆိုင်ရာ နည်းစနစ်များ (Teaching Method)ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရမည်၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်လိုသည့် စိတ်များရှိအောင် ဆွဲဆောင်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းနှင့် ပတ်သက်၍လည်း တိုးတက်ကောင်းမွန်လာစေရေး အမြဲသုတေသနပြုဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အခြေခံပညာမူလတန်းမှစ၍ အခြေခံပညာအထက်တန်း ပြီးဆုံးသည်အထိ ပညာသင်ကြားမှုများကို စနစ်တကျဖြင့်သင်ကြားပေးရန်နှင့် စည်းကမ်းပိုင်းဆိုင်ရာများ လိုက်နာမှုရှိစေရေးအတွက်လည်း သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးရန်အတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်မားရေးကို ဆောင်ရွက်ပေးရန်လိုအပ်သည်ကိုလည်း တွေ့ရှိရကြောင်း။

အခြေခံပညာ စာသင်ကျောင်းများအားလုံး အဆင့်မြှင့်တင်နိုင်ရေးအတွက် အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသားဒေသများတွင် ဘာသာစကား အခက်အခဲများနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ရောက်ကြရသူများရှိသဖြင့် ကျောင်းနေရာခိုင်နှုန်းများ နည်းပါးကြကြောင်း၊ ထို့ကြောင့် ပညာရေးလိုအပ်ချက်

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

ရှိသည့် တိုင်းရင်းသားဒေသများတွက် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားဒေသများ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ကျောင်းသားများအား သင်ကြားမှုများ အထောက်အကူဖြစ်စေနိုင်သည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားပေးနိုင်ရန်လိုကြောင်း၊ ကလေးငယ်များ ပညာသင်ကြားလိုစိတ်ရှိရန်နှင့် ကျောင်းနေပျော်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းတက်သည့် ကလေးတိုင်းသည် မူလတန်းသို့ တက်ရောက်ကြသော်လည်း မူလတန်းတက်ရောက်သည့် ကလေးတိုင်းသည် မူကြိုကျောင်းတက်ရောက်ခဲ့ရမှု မရှိကြောင်း၊ ထို့ကြောင့် ကလေးငယ်များ ကျောင်းပျော်စေရေး Teaching Method များနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်သွားရန်လိုကြောင်း၊ KG နှင့် KG+1 သင်ကြားပေးသည့် ဆရာ၊ ဆရာမများအနေဖြင့် ကလေးငယ်များ ကျောင်းပျော်စေရေး ဂရုတစိုက်ဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ကြောင့်လည်း ပညာရေးဝန်ကြီးဌာနက ယခုနှစ်မှစ၍ ရက်တိုသင်တန်းပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အစိုးရကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိကြောင်း၊ ပြည်သူအများစုမှာ အစိုးရကျောင်းများတွင် တက်ရောက်ကြခြင်းဖြစ်ကြောင်း၊ အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏ သားသမီးများအား ပုဂ္ဂလိကကျောင်းတွင်ထားနိုင်သည့်သူများ မဟုတ်ဘဲ နိုင်ငံတော်မှ ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ်ပြီး အများစုမှာ အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအခြေခံပညာကျောင်းများ၏ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းများ ဥပမိရုပ်များ ကောင်းမွန်ရေးနှင့် ပညာသင်ကြားမှုများ အဆင်ပြေစေရေးအတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အနာဂတ်ကောင်းမွန်ရန်အတွက် ပညာရေးကို အခြေခံမှစ၍ ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုများနှင့် အားပေးမှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ ခန့်ထားမှုနှင့်ပတ်သက်၍ မည်သို့သော ခန့်ထားမှုစနစ်မှ လာသည်ဖြစ်စေ အားလုံးတူညီသည့် အရည်အသွေးများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ခံစားခွင့်များအား ရာထူးအဆင့်အလိုက် ထောက်ပံ့ပေးအပ်မှုများကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက်လည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ထောက်ပံ့ကြေးများ တိုးမြှင့်ဆောင်ရွက်ပေးထားကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းနှင့်လုပ်ငန်းခွင်တွင် စိတ်ချမ်းသာစွာ နေထိုင်နိုင်မှသာ စာပေသင်ကြားမှုများကို စိတ်ပါဝင်စားပြီး ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကလေးငယ်များ အတတ်ပညာများရရှိစေရေး နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်အတွက် ပညာရေးသစ်ပင်များကို ပြုစုစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ သို့မှသာ ငယ်စဉ်ကတည်းက ပညာရေးအခြေခံကောင်းခဲ့သည့် ကလေးငယ်များသည် မြင့်မားသည့် အတန်းပညာများကို သင်ယူနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### အဆင့်မြင့်ပညာကဏ္ဍတိုးတက်ရေး

အဆင့်မြင့်ပညာနှင့်ပတ်သက်၍ တက္ကသိုလ်နှင့် သိပ္ပံကျောင်းများတွင် ဒီပလိုမာနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်အဆင့်များရှိကြောင်း၊ တက္ကသိုလ်ဝင်တန်းပြီးဆုံးပြီး ဖြေဆို အောင်မြင်မှုမရှိသူ များစွာရှိကြောင်း၊ အဆိုပါကျောင်းသား၊ ကျောင်းသူများအား အသက်မွေးဝမ်းကျောင်းပညာ ဒီပလိုမာပညာများ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများကိုလည်း အရည်အချင်းရှိသည့် သူများဖြစ်အောင် ဆက်လက်ဆောင်ရွက် ပေးသွားရန်လိုကြောင်း၊ အဝေးသင်တက္ကသိုလ်များနှင့် ပတ်သက်၍လည်း ပညာသင်ကြားမှုများ စနစ်တကျဖြစ်စေရေးနှင့် တတ်မြောက်မှုမြင့်မားစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တက္ကသိုလ်ပညာရေးကို ယခုထက် ပိုမိုကောင်းမွန် တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကြိုးစားအားထုတ်မှုများဖြင့် အဆင့်မြင့်ပညာများ တတ်မြောက်အောင် သင်ကြားပေးသွားကြရန်လိုကြောင်း။

တက္ကသိုလ်များသည် အဆင့်မြင့်အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ မတူညီသည့် ပညာနယ်ပယ် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်း ဆက်ဆံမှုများကိုလည်း တက္ကသိုလ်တက်ရောက်ချိန်တွင် ရရှိခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်အသိုင်းအဝိုင်းတွင် ဆက်ဆံရမှုများသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းကို ကောင်းမွန်သည့်အတွေ့အကြုံများရရှိစေကာ ကောင်းမွန်သော အတွေးအခေါ် အတွေ့အကြုံများကို ရရှိစေကြောင်း၊ ထို့ကြောင့် အဆိုပါလူမှုအသိုင်းအဝိုင်းသည် ကောင်းမွန်နေမှသာ နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်နိုင်သူများ မွေးထုတ်နိုင်မည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ ပညာသင်ကြားရသည့် ပတ်ဝန်းကျင်အလိုက် လူမှုအတွေ့အကြုံများ တူညီမှုမရှိကြကြောင်း၊ အဆိုပါ အတွေ့အကြုံများအလိုက် တစ်ဦးချင်း၏ လူမှုအသိုင်းအဝိုင်းများ ကွာခြားသွားကြကြောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း အကျင့်ကောင်းများကိုရရှိမှသာ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါ်များကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တက္ကသိုလ်၊ကောလိပ်များ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားဆောင်ရွက်နိုင်သည့် နေရာများနှင့် ပတ်ဝန်းကျင်ကောင်းများ ရရှိအောင်နှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းမှ အစ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရန် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏လူမှုအသိုက်အဝန်းကို ပြုပြင်ပြောင်းလဲမှုများ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း။

တက္ကသိုလ်ပညာရေးသည် သင်ကြားခြင်းထက် လေ့လာမှု(Study)နှင့် ဆွေးနွေးမှု(Discussion)ကို ပိုမိုအလေးထားသည့်စနစ်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာနှင့်ပတ်သက်၍ အမှန်တကယ်တတ်မြောက်နားလည်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ ထို့ကြောင့်အဆင့်မြင့်ပညာတက္ကသိုလ်များ၌ လေ့လာခြင်းနှင့် ဆရာ၊ ဆရာမများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများကိုဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ် ပညာတတ်မြောက်သူများဖြစ်စေရေး နည်းလမ်းပေါင်းစုံဖြင့် Check ၊ Recheck ၊ Counter Check ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖြစ်အောင် ဖန်တီးဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

### ပညာရည်မြှင့်တင်ခြင်းမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူများ ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ GDP များ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသ၏ စားရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွက် စီးပွားရေးပညာရှင်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်နှင့်ပတ်သက်၍ အခြေခံပညာရပ်များကို သင်ကြားပေးရန်လိုအပ်သဖြင့် မိမိတို့ အစိုးရလက်ထက်တွင် တက္ကသိုလ်၊ ကောလိပ်များ၌BA(Eco) ဘွဲ့များ ပေးအပ်နိုင်ရေးနှင့် စီးပွားရေးအခြေခံများ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ဒီမိုကရေစီနိုင်ငံတွင် ဥပဒေနှင့်ပတ်သက်၍ မဖြစ်မနေသိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေဆိုင်ရာအခြေခံဘာသာရပ်များကို သင်ကြားပေးပြီး BA(Law) ဘွဲ့များပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီများကို ပြည်ပမှ နှစ်စဉ် တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေအမြောက်အမြား သုံးစွဲနေရကြောင်း၊ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေအမြောက်အမြား သုံးစွဲခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တိုးတက်လာစေရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အမှန်တကယ် လုပ်ချင်ကိုင်ချင်သည့်စိတ်ဖြင့် လူသားအရင်းအမြစ်များကို အသုံးပြုပြီး နိုင်ငံစီးပွားတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အဆင့်မြင့်တာဝန်များကို ယူထားကြရသည့် ဆရာ၊ ဆရာမကြီးများအနေဖြင့်လည်း နိုင်ငံကောင်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ကောင်းမွန်စေရန်အတွက် ပညာရေးကဏ္ဍကို မဖြစ်မနေ ပြောင်းလဲဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာပတ်ဝန်းကျင်အလိုက် တာဝန်ထမ်းဆောင်မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားလာစေရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ သင်ကြားပေးလိုက်သည့်ကျောင်းသား၊ ကျောင်းသူများအားလုံး အသိပညာနှင့် အတတ်ပညာ ပြည့်ဝသည့် လူသားအရင်းအမြစ်များဖြစ်အောင် မွေးထုတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမဆောင်သို့ ရောက်ရှိကာ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခန်းမဆောင် အဆင့်မြှင့်တင်ပြင်ဆင်နိုင်ရေး ကိစ္စရပ်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး သီတဂူစက္ခုဒါနဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူစက္ခုဒါနဆေးရုံသို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ကော်မရှင်အတွင်းရေးမှူးတို့သည် သီတဂူ စက္ခုဒါနဆေးရုံတွင် လာရောက်ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများအား မျက်မှန်များ တပ်ဆင်ပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း မျက်စိခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများအား မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒကထာများ နာယူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ဓမ္မလက်ဆောင်များပေးအပ်သည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သီတဂူဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် မန္တလေးငလျင်ကြီး၏ ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူစက္ခုဒါနဆေးရုံတွင် ဆေးရုံတက်ရောက်ကုသရန်အတွက် လာရောက်မျက်စိစမ်းသပ်သူ ၁၆၀၀ ခန့်ရှိကြောင်း၊ ထိုအထဲမှ ၅၀၀ ခန့်သည် မျက်စိခွဲစိတ်ကုသရန်လိုအပ်သူများဖြစ်ကြောင်း၊ မျက်စိခွဲစိတ်ကုသရန်လိုအပ်သည့် ပြည်သူများအား အခမဲ့ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီတဂူစက္ခုဒါနဆေးရုံတွင် ခွဲစိတ်ကုသမှုခံယူထားသည့် ပြည်သူများအား မျက်မှန်များတပ်ဆင်ပေးပြီး မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက အဆိုပါ တက္ကသိုလ်ရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူး၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်က အဖွင့်အမှာစကားပြောကြားပြီးနောက် ဘာသာရပ် ဌာနအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများနှင့် စီမံဝန်ထမ်းများက တိုင်းရင်းသားရိုးရာအကနှင့် ဘာသာ စကားဆိုင်ရာအကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းမှုအပေါ် အဖွဲ့အစည်းအသီးသီးက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ရာ ထိုသို့ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ လက်ခံရရှိမှုအပေါ် အဖွဲ့အစည်းအသီးသီးက အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များကို ယနေ့တွင် ထုတ်ပြန်ကြေညာကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ် တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြု ပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များ နှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်ပေးအပ်သည့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ရရှိခဲ့ခြင်းအတွက် မြန်မာ - အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေး အသင်းနှင့် မြန်မာ-လာအိုချစ်ကြည်ရေးအသင်းတို့က အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို အပ်နှင်းခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျ စီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်း သိရှိ ရပြီး အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်းခံရခြင်းအတွက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း

## မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်း တွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့်စိန်ခေါ်မှုများကို စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့်အတွက် ရန်ကုန် တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက် မှုအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်း တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများအကြားမှ နိုင်ငံ၏စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စသည့်ကဏ္ဍအသီးသီးတွင် ဘက်စုံ၊ ကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းအနေ ဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း

## မြန်မာ-လာအို ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ် တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်း နိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံ ခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ချီးမြှင့် အပ်နှင်းခဲ့ပါသည်။

နိုင်ငံအတွက် နိုင်ငံတော်အကြီးအကဲ၏ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ခေါင်းဆောင်မှုသမိုင်းမှတ်တိုင် ကို ထင်ဟပ်ဖော်ပြနေသည့် အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ-လာအို ချစ်ကြည်ရေးအသင်း

## မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များအပေါ်တွင် နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကိုယ်ရည်ကိုယ်သွေးမြင့်မားမှုများ၊ ပညာရှင်ပီသမှုများဖြင့် လူ့အဖွဲ့အစည်းအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ကို အသိအမှတ်ပြုသည့် အနေဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက် ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး တိုး၍သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန် ကောင်းများ တောင်းအပ်ပါသည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း

**၆ - ၂ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀)ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား**

# ဆေးတက္ကသိုလ်(မန္တလေး)မိသားစု၏ (၅၉)ကြိမ်မြောက် ကထိန်အောင်ပွဲအထိမ်းအမှတ် ညစျေးပွဲတော် ကျင်းပ





**မန္တလေး ဖေဖော်ဝါရီ ၆**

ဆေးတက္ကသိုလ်(မန္တလေး) မိသားစု၏ (၅၉)ကြိမ်မြောက် ကထိန်အောင်ပွဲ အထိမ်းအမှတ် ဆေးတက္ကသိုလ်(မန္တလေး)တွင် ညစျေးပွဲတော်ကို ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ညစျေးပွဲတော်သို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာမျိုးသက်တင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့တို့သည် ညစျေးပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများနှင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







# ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ရေကူးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ရေကူးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားကွင်းရှိ My Pool ရေကူးကန်တွင် ကျင်းပသည်။

အဆိုပါ ရေကူးပြိုင်ပွဲတွင် (အမျိုးသား၊ အမျိုးသမီး) အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ဖားကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲနှင့် အလွတ်ကူးလက်ဆင့်ကမ်း ပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုအား ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုး၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ရေကူးအားကစားဆပ်ကော်မတီဝင်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာအားပေး ကြည့်ရှုကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာခင်မြတ်မာ (ပါမောက္ခ၊ဌာနမှူး)က ကူညီဆောင်ရွက်ပေးပါသော ရေကူးပြိုင်ပွဲဒိုင်လူကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။ ထို့နောက် မန္တလေးတိုင်းရေကူးနည်းပြ ဦးအောင်ဇော်ဖြိုး(Hotel Mandalay Swimming Club)၊ ဒေါက်တာဒေါ်သန်းအေးနှင်းမင်းစိုး(ပါမောက္ခ၊ဌာနမှူး)၊ ဒေါက်တာစန္ဒာဦး(ပါမောက္ခ၊ ဌာနမှူး)တို့က အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ဖားကူးပြိုင်ပွဲနှင့် လိပ်ပြာကူးပြိုင်ပွဲများအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရ အားကစားသမားများအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မော်မော်စိုးက အလွတ်ကူးလက်ဆင့်ကမ်းပြိုင်ပွဲများတွင် ပထမဆုရ စီးပွားရေးပညာ၊ စိတ်ပညာ၊ သတ္တဗေဒ ဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အသင်းအားလည်းကောင်း၊ ဒုတိယဆုရ ဓာတုဗေဒ၊ ရူပဗေဒ ဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အသင်းအားလည်းကောင်း၊ တတိယဆုရ နိုင်ငံတကာဆက်ဆံရေးပညာ၊ သင်္ချာဘာသာရပ်တို့ဖြင့် စုဖွဲ့ထားသည့် အသင်းတို့ကို တစ်ဦးချင်းဆု၊ ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၀၈၂)**



## မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြား၍ အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၆**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဖူဆယ်ဘောလုံးအားကစားကွင်းတွင် ပြိုင်ပွဲများကို ကျင်းပသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲအုပ်စု(က)တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနအသင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအသင်းတို့ပါဝင်ပြီး အုပ်စု(ခ)တွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)အသင်း၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအသင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်း၊ ဈေးနှင့်သားသတ်ဌာနအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အုပ်စုပတ်လည်ပြိုင်ပွဲများကို ကျင်းပရာ ပထမပွဲစဉ်အုပ်စု(က)တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်းက နှစ်ဂိုးနှင့် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအသင်းက သုံးဂိုးဖြင့်လည်းကောင်း၊ အုပ်စု(က)ဒုတိယပွဲစဉ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းက ငါးဂိုးနှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက တစ်ဂိုးဖြင့်လည်းကောင်း၊ တတိယပွဲစဉ်အုပ်စု(ခ)တွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)အသင်းက ငါးဂိုးနှင့် ဈေးနှင့်သားသတ်ဌာနအသင်းက တစ်ဆယ့်တစ်ဂိုးဖြင့်လည်းကောင်း၊ စတုတ္ထပွဲစဉ်အုပ်စု(ခ)တွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအသင်းက ငါးဂိုးနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းက တစ်ဂိုးတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဖေဖော်ဝါရီ(၇)ရက်နေ့နှင့် (၈)ရက်နေ့များတွင် အုပ်စုပတ်လည်အသင်းများကိုလည်းကောင်း ဖေဖော်ဝါရီ(၉)ရက်နေ့တွင် အကြိုဗိုလ်လုပွဲများ၊ ဖေဖော်ဝါရီ(၁၀)ရက်နေ့တွင် တတိယနေရာလုပွဲနှင့် ဖေဖော်ဝါရီ(၁၁)ရက်နေ့တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ နိုင်ငံ့ဝန်ထမ်းခန့်အပ်လွှာများ ပေးအပ်




**ပုသိမ်ကြီး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် မန္တလေး၌ စတုတ္ထနှစ်(၅/၂၀၂၅) သင်တန်းဘွဲ့ရ စာမေးပွဲအောင်မြင်ခဲ့ကြသည့် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်သူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် နိုင်ငံ့ဝန်ထမ်းခန့်အပ်လွှာများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်(ပူးတွဲတာဝန်) ပါမောက္ခ ဒေါက်တာ ခင်ဝင်းစိန်က သက်ဆိုင်ရာဆေးရုံများနှင့် ဌာနများတွင် လုပ်ငန်းခွင် ဝင်ရောက်မည့်သူများကို နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာ လင်းထက်မြင့်က သိသင့်သိထိုက်သည်များကို မှာကြားခဲ့သည်။ ဆက်လက်၍ ပါမောက္ခချုပ် (ပူးတွဲတာဝန်) ပါမောက္ခဒေါက်တာ ခင်ဝင်းစိန်၊ ဒုတိယပါမောက္ခချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မျိုးသန့်ခိုင်တို့က နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်လွှာများကို အသီးသီးပေးအပ်ခဲ့ကြသည်။

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် မန္တလေးမှ စတုတ္ထနှစ်(၅/ ၂၀၂၅) သင်တန်းအောင်မြင်သည့် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ(၆၀)ဦး၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ (၃၄)ဦးနှင့် ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာ(၂၄)ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**စာနည်းကိုကို(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

## သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါမြို့နယ် သမဝါယမအသင်းစုခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ထွန်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် မကွေးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အသီးသီးအဖွင့်အမှာစကားပြောကြားကြသည်။



ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက် အမှုဆောင်အဖွဲ့ အတွင်းရေးမှူးက လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင်က စာရင်းစစ်အဖွဲ့ အစီရင်ခံစာကိုလည်းကောင်း၊ ဖတ်ကြားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ မကွေးမြို့နယ် သမဝါယမအသင်းစုအသင်းဝင် အခြေခံသမဝါယမအသင်းများမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းသားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အသင်းဝင် အသင်းများသို့ အစုပေါ်အမြတ် (၈၉ ဒသမ ၇၆၀၉၂)သိန်း ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## နန်းတော်ရာစံပြဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြ

**အမရပူရ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်ရှိ နန်းတော်ရာ စံပြဈေး၌ ယနေ့ မွန်းတည့် ၁၂ နာရီက အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို အဆိုပါဈေးတွင် ပြုလုပ်သည်။

ဦးစွာ အမရပူရမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့်သန္တေတပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ရှိသူများက ဈေးအတွင်း လှည့်လည်ကြည့်ရှုပြီး မလိုအပ်သော ပစ္စည်းများနှင့် မိုးကာများစနစ်တကျထားသိုနိုင်ရေးတို့ကို ဈေးတာဝန်ခံများအား မှာကြားခဲ့သည်။ ထို့နောက် ဈေးသူ၊ ဈေးသားများနှင့် ဈေးတာဝန်ရှိသူများအား မီးသတ်ဆေးဘူးသုံးစွဲနည်းများကို ပြောကြားခဲ့သည်။

ဆက်လက်ပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဈေးသူ၊ ဈေးသားများအား ကိုယ်တိုင်လုပ်ဆောင်စေခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

# မြို့တော်သန့်ရှင်းသာယာလှပရေးအပြင် မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး





**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော် သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့တော်သန့်ရှင်းသာယာလှပရေးအပြင် မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် လမ်းများအား နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းပေးခြင်း၊ မီးပွိုင့်များ၊ လမ်းမီးများကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်အချက်ပြ ဆေးလိုင်းများအား ရေးဆွဲခြင်းစသည့် လုပ်ငန်းများကို မြို့တော်ဝန်နှင့်ကော်မတီအဖွဲ့ဝင်များ၏ ဦးဆောင်ကြီးကြပ်မှုကို ခံယူကာ လမ်းတံတားဌာနမှ ဘဏ္ဍာနှစ်အလိုက် စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့တွင်း အဓိကလမ်းမကြီးများရှိ မီးပွိုင့်လမ်းဆုံများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လမ်းညွှန်အမှတ်အသားဆေးလိုင်းများ၊ လူကူးမျဉ်းကြားဆေးလိုင်းများမှာ ဖုန်မှုန့်အညစ်အကြေးများ၊ ယာဉ်သွားလာမှုများကြောင့် မှေးမှိန်လာခြင်း၊ အချို့နေရာများ၌ ဆေးရောင်ပျောက်ကွယ်လာခြင်းများ ဖြစ်ပေါ်လျက်ရှိရာ လမ်းတံတားဌာနအနေဖြင့် ဆေးလိုင်းများ အသစ်ပြန်လည်ရေးဆွဲနိုင်ရေးအတွက် အမှိုက်လှည်းယာဉ်၊ ရေကားနှင့် လုပ်သားအင်အားများ အသုံးပြု၍ ယနေ့မွန်းလွဲပိုင်းက ၂၆ လမ်းမကြီးတစ်လျှောက်၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြား၌ လမ်းရေဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းခွင်နေရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းများပေါ်ရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြ မျဉ်းလိုင်းများ၊ ယာဉ်ကြောခွဲမျဉ်းလိုင်းများ၊ လူကူးမျဉ်းကြားများ၊ လမ်းညွှန်အချက်ပြများ ပေါ်လွင်ထင်ရှားအောင် ဆေးကြောဆောင်ရွက်ရေးကို လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့အား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်သည် ၂၆ လမ်းမကြီးတစ်လျှောက်၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင် သာမိုပလတ်စတစ်ဆေးလိုင်းဆွဲစက် အသုံးပြု၍ ယာဉ်ကြောခွဲဆေးလိုင်းအဝါ ရေးဆွဲနေခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးက ၂၆ လမ်းမကြီး ကျုံးတောင်ဘက်ခြမ်း တစ်လျှောက် သာမိုပလတ်စတစ်ဆေးလိုင်းဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ညွှန်ပြသည့် လမ်းညွှန်အမှတ်အသား သာမိုပလတ်စတစ်ဆေးလိုင်းများ ရေးဆွဲခြင်းလုပ်ငန်းအား အဓိကလမ်းမကြီးများတွင် ဦးစားပေးအဆင့်သတ်မှတ်၍ မတ်လကုန်အပြီး စီမံချက်ရေးဆွဲ၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ၂၆ လမ်းမကြီး ပြီးပါက ၇၃ လမ်း၊ ၇၈ လမ်း၊ လမ်း ၈၀၊ ၈၂ လမ်း စသည့် လမ်းမကြီးတစ်လျှောက်တို့ကို ဆက်လက်ဆောင်ရွက်ပေးရန်နှင့် ယခုထက် ပိုမိုမြန်ဆန်စေရန် ဆေးလိုင်းဆွဲစက် တိုးချဲ့ဆောင်ရွက်ပေးရန်တို့ကို လမ်းတံတားဌာန ဌာနမှူးအား မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုမြင့်မားစေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၆**

ပျော်ဘွယ်မြို့နယ်အတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်၊ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက နိုင်ငံတော်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးငယ်များ၏ ဘဝမှစ၍ ရောဂါဘယကင်းရှင်းရန် လိုအပ်ကြောင်း၊ ကလေးငယ်များ ရောဂါကင်းရှင်းရေးအတွက် သတ်မှတ်အသက်အလိုက် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးကြရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး မန္တလေးတိုင်းဒေသကြီး ကာကွယ်ဆေးထိုးလုပ်ငန်းတာဝန်ခံ ဒေါက်တာဇေရာထက်က အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးနှံရမည့်အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်သည့် အသိပညာပေးဗီဒီယိုကလစ် ပြသပြီး အခမ်းအနားသို့ တက်ရောက်လာသည့် နီးနွယ်ဌာနများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သိရှိလိုသည်များနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည့်အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။



(ခဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက ကွက်သစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။



အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး စာအုပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များပြသရာ စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

# လောကမုနိကံတက် ဆုတောင်းပြည့်စေတီ ထီးတော်တင်လှူ



**မန္တလေး ဖေဖော်ဝါရီ ၆**

သော်ကြိုဘုရားကြီးကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဒေဝိန္ဒ (M.A)SRi Lamka မဟာဓမ္မကထိကဗဟုဇနဟိတဓရသာသနာ့ဓဇမ္မာစရိယနမ့်လန်ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ နန်းရှေ့သရက်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဗလ တို့အား ဦးထိပ်ပန်ဆင်လျက် အနန္တဂိုဏ်းဝင် မိဘများနှင့် ကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများ၊ သရက်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယနှင့်ဆုထူးပန်ဆရာကြီးဦးနေလင်းအောင်(နန်းဦးလွင်)တို့အားအမှူးထား၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်၊ မြင်းတန်းရပ်ကွက်နေ ဘုရားဒါယကာကြီး ဦးစိုင်းပေါင်း+ဘုရားဒါယိကာမကြီး ဒေါ်နန်းအုန်းခင်၊ သမီး ကိုနိုင်အောင်ဝင်း+မနန်းနုဝါ၊ သား မောင်စိုင်းစိုးလင်း၊ မြေး မောင်စိုင်းဘုန်းချာန်၊ မနန်းရွှေအိမ်မိသားစုတို့ ဖေဖော်ဝါရီ ၅ ရက်က အောင်မြေသာစံမြို့နယ်၊ မြို့ပတ်လမ်းရှိ သရက်ကုန်းလောကမုနိကံတက်ဆုတောင်းပြည့်စေတီကို ထီးတော်တင်လှူပူဇော်ကြသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့ရသော ထီးတော်ကို အသစ်ပြန်လည်တင်လှူခြင်း ဖြစ်သည်။

ထီးတော်တင်မင်္ဂလာအခမ်းအနားတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် သံဃာတော် ၅၄ ပါးတို့အား ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား ထမင်းဟင်းကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

# ရေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်ကြီး၏ (၁၁၉၆)နှစ်ပြည့် ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော်အား အစဉ်အလာမပျက် ကျင်းပမည်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ဂုဏ်ဆောင် ရေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ(တပေါင်း)ပွဲတော်ကို စေတီတော်ကြီး၏ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယကကြီးများ၏ သြဝါဒလမ်းညွှန်မှုကို ခံယူပြီး ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်မှ တန်ခူးလဆန်း ၈ရက် (၂၀၂၆ ခုနှစ်၊ မတ် ၇ ရက်မှ မတ် ၂၅ ရက်)အထိ ၁၉ ရက် တိုင်တိုင် ဈေးဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကြည့်ချင်ပွဲများ၊ ဇာတ်ပွဲများ မပါဝင်ဘဲ(ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ပူဇော်မှုဖြင့်သာ အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။



(ဝဲပုံ)

နောင်နောင် (မိဿနိုးမြေ)

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

# စဥ့်ကူးမြို့နေပြည်သူများ စိတ်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**စဥ့်ကူး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်တွင် စဥ့်ကူးမြို့နေပြည်သူများ စိတ်အေးချမ်းသာယာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက စဥ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ ရွှေကူကြီးမြတ်စွာဘုရားပရိဝုဏ်တွင် ကျင်းပခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများနယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော စုစုပေါင်းအင်အား ၃၆၀ ဦးတို့က ရွှေကူကြီးမြတ်စွာဘုရား၏ ဘုရားစေတီတော်မြတ်နှင့် ဘုရားရင်ပြင်တို့အား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဘုရားပရိဝုဏ် အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်များရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များအား စနစ်တကျ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

တင်စာလွင်(ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ထီးတော်တင်ပွဲ

* မန်းမြို့ရှေ့ပြင်
ထီးတော်တင်
သဘင်နက္ခတ် သာသလေ့ ။

* ငလျင်ကပ်ဘေး
ကြုံတဲ့ရေး
ပူဆွေးသောက ရောက်သလေ့ ။

* စေတီဘုရား
ထီးတော်များ
ပြုတ်သွား မြေခကျသလေ့ ။

* ထီးတော်သစ်လှူ
ဝိုင်းဝန်းကူ
များလှူဒါန ရသလေ့ ။

* ဘုရားဒကာ
ရှမ်းမြန်မာ
သာသနာရေးရှု ပြုသလေ့ ။

* တို့တိုင်းရင်းသား
သဒ္ဒါအား
ဘုရားတံခွန် လှူသလေ့ ။

* တို့ရှမ်းဗမာ
စည်းလုံးကာ
ညီညာကောင်းမှု ပြုသလေ့ ။

* နိဗ္ဗူစခန်း
တို့ရည်မှန်း
အေးချမ်းပြည်ရွာ သာသလေ့ ။

* ထီးတော်တင်ပွဲ
ခြိမ့်ခြိမ့်သဲ
ဆင်နွှဲပူဇော် ပျော်သလေ့ ။

* ထီးတော်တင်လှူ
ကုသိုလ်ယူ
နတ်လူသာဓု ခေါ်သလေ့ ။ ။

အောင်မြေသာစံမြို့နယ်၊ သရက်ကုန်းကျောင်းတိုက်၊ 'လောကမုနိကံတက်' ဆုတောင်းပြည့်စေတီတော်ထီးတင်ပွဲကို ဤကဗျာဖြင့် မှတ်တမ်းပြု ပူဇော်ပါသည်။

**မောင်ဘိုသိန်း(မန္တလေး)**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၉) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြား ပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်တော် ဒီသင်တန်းကို လာရောက် တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အရွယ်ကောင်းတုန်း တိုင်းပြည်နဲ့ လူမျိုးအတွက် ကာကွယ်ဖို့အတွက် ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ သင်တန်းဆင်းပြီဆိုတော့ တာဝန်ကျရာတပ်မှာ ဆရာတွေ သင်ပေးလိုက်တဲ့ စနစ်တကျ ဖွဲ့စည်းပုံတွေနဲ့ လက်တွေ့ရော စာတွေ့အကုန်လုံးကို ကျွန်တော်မှတ်သားထားပါတယ်။ အဲဒါတွေနဲ့ တိုင်းပြည်နဲ့ လူမျိုးအပေါ်၊ ပြည်သူအပေါ်ကို ကျွန်တော်တို့ ယုံကြည်လေးနက်စွာနဲ့ ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။



၁



၂



၃

၂။ ကျွန်တော် လာရောက်တက်ရတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်ကိုချစ်တဲ့ ပြည်သူတစ်ယောက်အနေနဲ့ရော၊ ပြီးတော့ ကျွန်တော် ကိုယ်တိုင်ကလည်း စစ်သားတစ်ယောက်ကို အားကျရတဲ့၊ စစ်သားဖြစ်ချင်တဲ့ သဘောမျိုးပါ။ ဒါကြောင့် လာရောက်တက်ရောက်ရခြင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ သင်တန်းဆင်းပြီဆိုတော့ ကျွန်တော်တို့ ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြောင်းရွှေ့မယ့် တပ်တွေကို ရောက်ပြီဆိုရင်လည်း ဒီကသင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို အကောင်းဆုံးအသုံးချပြီးတော့ နှစ်နှစ်တာဝန်ကိုလည်း ပြီးဆုံးအောင် တာဝန်ထမ်းဆောင်ဖို့လည်း ရည်မှန်းချက်ရှိပါတယ်။ နောက်လာမယ့်ညီငယ်တွေကိုလည်း အရပ်သားဘဝကနေ စစ်သားဘဝကို ပြောင်းတာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ်ပါ လာရောက် သင်တန်းတက်ဖို့အတွက် တိုက်တွန်းလိုပါတယ်။ သာမန်အရပ်သား ဘဝမှာဆိုရင်တော့ နှစ်နှစ်အချိန်ကာလဆိုတာ ကြာရင်ကြာသွားဦးမယ်။ စစ်သားဘဝမှာတော့ ကိုယ့်တာဝန်နဲ့ကိုယ် ကျေပွန်အောင် ထမ်းဆောင်ပါ။ နှစ်နှစ်ဆိုတဲ့ အချိန်ကာလလေးက ခဏလေးပါပဲ။

၃။ ဒီသင်တန်းမှာ သင်ကြားပေးတဲ့ ပညာတွေ အားလုံးကို ကိုယ်တတ်စွမ်းသရွေ့ နိုင်ငံတော်အတွက်အကျိုးပြုမယ်လို့ ရည်မှန်းထားပါတယ်။ သင်တန်းနဲ့ပတ်သက်ပြီး အရာအားလုံးကောင်းပါတယ်။ ဒီသင်တန်းကို တက်ရောက်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ပြီးတော့ ဒီကစစ်ပညာရပ်ဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ပြီးရင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အရာအားလုံးကို နည်းပြတွေကအစ ဂရုတစိုက် သင်ပေးပါတယ်။ နောက်တက်မယ့် လူငယ်လေးတွေကိုလည်း လာတက်ပါလို့ ပြောကြားချင်ပါတယ်။

ထို့နောက် ညပိုင်းတွင်ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❐ စာမျက်နှာ ၂၄ မှ

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ဖေဖော်ဝါရီ ၆ ရက် ယနေ့တွင် စတုတ္ထအသုတ်အဖြစ် ထပ်မံခေါ်ဆောင်ပေးရာ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသား ၅၉ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့ လည်းကောင်း၊ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ထပ်မံ၍ မြန်မာနိုင်ငံသား ၂၀၈ ဦး ကို တပ်မတော်လေယာဉ်များဖြင့် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီးပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားအနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို ဇန်နဝါရီ ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အနေဖြင့် ၄၃၀ ကို ဇန်နဝါရီ ၂၅ ရက်တွင် လည်းကောင်း၊ တတိယအသုတ်အနေဖြင့် ၁၆၃ ဦးကို ဇန်နဝါရီ ၂၆ ရက်တွင် လည်းကောင်း၊ စတုတ္ထအသုတ်အဖြစ် မြန်မာနိုင်ငံသား ၂၆၇ ကို ယနေ့တွင်လည်းကောင်း မြန်မာ့လေကြောင်းလိုင်း(MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် အသီးသီးပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသား ၉၉၆ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့များအား ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား မင်္ဂလာဒုံ ခရိုင်/ မြို့နယ် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန(ကညန)တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**သရက် ဖေဖော်ဝါရီ ၆**

သရက်ခရိုင်၊ သရက်ခရိုင် ကုန်း လမ်းပို့ဆောင်ရေးဦးစီးဌာန (ကညန)တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ခရိုင်ကညနဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကညနဝန်ထမ်း ၂၅ ဦးအား မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းမှာကြားကြသည်။

ယင်းနောက် မော်တော်ယာဉ်များ မီးသတ်ဆေးဘူးထားရှိရေးအပြင် ယာဉ်နှင့် ကိုက်ညီမည့်ဆေးဘူးများအကြောင်း ရှင်းလင်းပြောကြားပြီး ငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(ယာပုံ)ကဆ**








## 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၉ ရက်တွင် စတင်သွားမည်

**ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၆**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၉ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 IEB+Argentina Open တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၆ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဘရာဇီးတင်းနစ်ကစားသမား Joao Fonseca ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## မက်ဂွိုင်းယား မန်ယူအသင်းတွင် ဆက်ရှိသွားမည်

**မန်ချက်စတာ ဖေဖော်ဝါရီ ၆**



မန်ယူအသင်းနောက်ခံကစားသမား မက်ဂွိုင်းယားက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟာလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား မက်ဂွိုင်းယားသည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၉ပွဲကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ မက်ဂွိုင်းယားက "ကျွန်တော် မန်ယူအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ဆက်လက်ရယူသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## ဂါနာဘရီ ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဖေဖော်ဝါရီ ၆**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတောင်ပံကစားသမား ဂါနာဘရီအား ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၉ပွဲကစားပြီး ဂိုး ၁၀၀ ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဂါနာဘရီက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ဒီအသင်းနဲ့အတူ ဆုဖလားများစွာရယူသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ)(NGB)



## ဗီကာရီယိုအား ခေါ်ယူရန် အင်တာမီလန်အသင်း စီစဉ်

**မီလန် ဖေဖော်ဝါရီ ၆**

အင်တာမီလန်အသင်းသည် စပါးအသင်း ဂိုးသမား ဗီကာရီယိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ (ယာပုံ)



အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

စပါးအသင်းကလည်း ဗီကာရီယိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါကမည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် စပါးအသင်းထံမှ ဗီကာရီယိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## အတ္တလန်တာအသင်းက ဂျူဗင်တပ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**တူရင် ဖေဖော်ဝါရီ ၆**

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အတ္တလန်တာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အတ္တလန်တာအသင်းက ဂျူဗင်တပ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။




အတ္တလန်တာအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၂၇မိနစ်တွင် စကာမက်ကာ၊ ပွဲချိန် ၇၇ မိနစ်တွင် ဆူလမာနာ၊ ပွဲချိန် ၈၅ မိနစ်တွင် ပါဆာလစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

(ဝဲပုံ)

(NGB)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၂-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၄)ဂျီရိုနာ - နာပိုလီ(၃)<br>(D,W,D,W,L) (W,D,L,L,W) | ဂျီရိုနာ ၁-၂ နာပိုလီ<br>နာပိုလီ ၂-၂ ဂျီရိုနာ |
| ၈-၂-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၈)ဖီအိုရင်တီးနား - တိုရီနို(၁၃)<br>(D,W,L,L,L) (W,L,L,W,L) | ဖီအိုရင်တီးနား ၁-၁ တိုရီနို<br>တိုရီနို ၀-၁ ဖီအိုရင်တီးနား |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၂-၂၀၂၆<br>ည ၁၀:၃၀ နာရီ | (၂)လန်းစ် - ရင်းနက်စ်(၆)<br>(W,W,L,W,W) (W,D,L,L,L) | လန်းစ် ၁-၀ ရင်းနက်စ်<br>ရင်းနက်စ် ၁-၁ လန်းစ် |
| ၈-၂-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၁၂)ဘရက်စ် - လိုရီယန့်(၉)<br>(L,W,L,L,D) (W,W,W,W,W) | ဘရက်စ် ၄-၀ လိုရီယန့်<br>လိုရီယန့် ၀-၁ ဘရက်စ် |
| ၈-၂-၂၀၂၆<br>ည ၀၂:၃၅ နာရီ | (၁၆)နန့်တက်စ် - လိုင်ယွန်(၄)<br>(W,L,L,L,L) (W,W,W,W,W) | နန့်တက်စ် ၁-၁ လိုင်ယွန်<br>လိုင်ယွန် ၂-၀ နန့်တက်စ် |

### စပိန်လာဂီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၂-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁၈)ဗယ်လက်ကာနို - အိုဗီဒို(၂၀)<br>(W,L,L,L,L) (D,D,L,L,W) | —— |
| ၇-၂-၂၀၂၆<br>ည ၉:၄၅ နာရီ | (၁)ဘာစီလိုနာ - မာယောကာ(၁၄)<br>(W,W,W,W,W) (L,L,W,L,W) | ဘာစီလိုနာ ၁-၀ မာယောကာ<br>မာယောကာ ၁-၅ ဘာစီလိုနာ |
| ၈-၂-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၅)ဆီဗီလာ - ဂျီရိုနာ(၁၂)<br>(L,L,D,W,L) (W,W,W,D,L) | ဆီဗီလာ ၀-၂ ဂျီရိုနာ<br>ဂျီရိုနာ ၁-၂ ဆီဗီလာ |
| ၈-၂-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၈)ဆိုစီဒက် - အယ်လ်ချီ(၁၃)<br>(W,W,W,D,W) (D,L,D,L,L) | ဆိုစီဒက် ၂-၀ အယ်လ်ချီ<br>အယ်လ်ချီ ၀-၁ ဆိုစီဒက် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၂-၂၀၂၆<br>ည ၇:၀၀ နာရီ | (၄)မန်ယူ - စပါး(၁၄)<br>(D,L,W,W,W) (L,W,D,W,D) | မန်ယူ ၀-၃ စပါး<br>စပါး ၁-၀ မန်ယူ |
| ၇-၂-၂၀၂၆<br>ည ၉:၃၀ နာရီ | (၁၂)ဘုန်းမောက် - အေဗီလာ(၃)<br>(W,L,D,W,W) (L,W,W,W,L) | ဘုန်းမောက် ၀-၁ အေဗီလာ<br>အေဗီလာ ၁-၁ ဘုန်းမောက် |
| ။ | (၁)အာဆင်နယ် - ဆန်းဒါးလန်း(၈)<br>(W,L,W,W,W) (L,W,W,L,W) | အာဆင်နယ် ၂-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၁-၄ အာဆင်နယ် |
| ။ | (၁၉)ဘန်လေ - ဝက်စ်ဟမ်း(၁၈)<br>(D,W,D,D,L) (L,W,W,W,L) | ဘန်လေ ၁-၂ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၂-၂ ဘန်လေ |
| ။ | (၉)ဖူလ်ဟမ် - အဲဗာတန်(၁၀)<br>(W,W,L,W,L) (D,L,W,D,D) | ဖူလ်ဟမ် ၁-၃ အဲဗာတန်<br>အဲဗာတန် ၁-၁ ဖူလ်ဟမ် |
| ။ | (၂၀)ဝုဗ် - ချဲလ်ဆီး(၅)<br>(D,W,D,L,L) (W,W,W,W,L) | ဝုဗ် ၂-၆ ချဲလ်ဆီး<br>ချဲလ်ဆီး ၃-၁ ဝုဗ် |
| ၈-၂-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၁)နယူးကာဆယ် - ဘရန့်ဖို့ဒ်(၈)<br>(W,L,D,L,L) (W,W,L,L,W) | နယူးကာဆယ် ၂-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၄-၂ နယူးကာဆယ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၂-၂၀၂၆<br>ည ၉:၀၀ နာရီ | (၁၈)ဟိုင်ဒန်ဟိမ်း - ဟမ်းဘတ်(၁၃)<br>(D,L,D,L,L) (D,L,D,D,D) | —— |
| ။ | (၇)ဖရိုင်းဘတ် - ဝါဒါဘရီမင်(၁၅)<br>(D,W,W,L,L) (L,D,L,L,D) | ဖရိုင်းဘတ် ၅-၀ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၀-၁ ဖရိုင်းဘတ် |
| ။ | (၁၆)မိန့်ဇ် - အော့စ်ဘတ်(၁၁)<br>(D,W, L,W,W) (L,D,D,W,W) | မိန့်ဇ် ၀-၀ အော့စ်ဘတ်<br>အော့စ်ဘတ် ၂-၃ မိန့်ဇ် |
| ။ | (၁၇)စိန့်ပေါ်လီ - စတုဂတ်(၄)<br>(L,D,D,L,L) (L,W,W,W,W) | စိန့်ပေါ်လီ ၀-၁ စတုဂတ်<br>စတုဂတ် ၀-၁ စိန့်ပေါ်လီ |
| ။ | (၁၄)ဝုဗ်ဘတ် - ဒေါ့မွန်(၂)<br>(L,W,D,L,L) (W,L,W,L,W) | ဝုဗ်ဘတ် ၁-၃ ဒေါ့မွန်<br>ဒေါ့မွန် ၄-၀ ဝုဗ်ဘတ် |
| ၈-၂-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၂)ဂလက်ဘတ် - လေဗာကူဆင်(၆)<br>(W,L,D,L,D) (L,W,W,W,W) | ဂလက်ဘတ် ၂-၃ လေဗာကူဆင်<br>လေဗာကူဆင် ၃-၁ ဂလက်ဘတ် |

## ကန့်ကွက်နိုင်သည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဦးဘကြည် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ခဲစင်းပြဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘကြည် (ဘ)ဦးဘစီ(NYHE-၀၃၄၃၆၀) ၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ-ဦးကျော်သက်လှိုင်(၉/မရမ(နိုင်)၀၅၂၃၁၀)ထံမှ ဒေါ်အေးမြင့်ဝင်း(၅/ကလဝ(နိုင်)၀၃၃၅၃၀)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၇၈/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးမြင့်ဝင်း၏ ကိုယ်စားလှယ်စာရရှိသူ ဦးကျော်နှင်းဦး(၉/ခအဇ(နိုင်)၀၂၄၀၈၄)က သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ ဘောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားတင်ပြပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်တင်တင်ဌေး** (တရားလွှတ်တော်ရှေ့နေ) ဖုန်း ၀၉-၂၅၀၀၃၈၃၂၉

**ဦးနိုင်လင်း** (တရားလွှတ်တော်ရှေ့နေ) ၀၉-၇၈၅၀၂၃၆၃၉

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၈)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ ပေ(၆၀×၄၅) အကျယ်အဝန်းရှိ ဦးမြင့်မော်(ခ)ဦးနေယုမော် အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ)ထဲမှ တောင်ဘက်ပိုင်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမျိုးခိုင် (ဘ)ဦးကျော်ဆောင်(၅/ပလန(နိုင်)၁၄၃၀၈၅)နှင့် ဒေါ်စန္ဒာမြင့် (ဘ)ဦးပြား(၅/ပလန(နိုင်)၁၀၉၆၈၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၁)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသန်း အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း တောင်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းမောင်ပု (ဘ)ဦးမောင်ခမ်း(၁၃/မဆတ(နိုင်)၀၂၉၀၃၄)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည–၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၆၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးချောမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်စိုး (ဘ)ဦးပေ(၅/ဆလက(နိုင်)၀၃၉၄၇၃) [၎င်း၏ကိုယ်စား ဦးကြည်နိုင် (ဘ)ဦးတင်လှိုင်(၅/ဆလက(နိုင်)၀၅၀၇၆၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်အေး အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးခြမ်း (၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိစုလှိုင်(ဘ)ဦးချောစံ(၉/မထလ(နိုင်)၃၀၈၇၇၃)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည–၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၆)၊ ဦးပိုင်နံပါတ်(၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသိန်းထွန်းဝင်း အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမြင့်(ဘ)ဦးစိန်ကွမ်း (၈/စကန(ဧည့်)၀၀၀၀၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမိုမိုထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၆)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်အောင်သီတာထွန်း အမည်ဖြင့်မြေနေရာချထားရရှိသည့် မြေကွက်အတွင်း တောင်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း (၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညိုနိုင်(ဘ)ဦးသန်းမောင်(၉/ပကခ(နိုင်)၀၇၀၈၇၈)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမှုရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည–၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်နံပါတ်(၂၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သန်းနွယ် (ဘ)ဦးဝင်းအောင်(ခ)ဦးဝင်းမောင်(၈/ခမန(နိုင်)၁၁၇၈၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၂၄) မြေကွက်ပေါ်တွင် ဦးစိုင်းခေးလင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခမစ(နိုင်)၀၄၃၁၀၆)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဒေါ်မော်လီနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၄)၊ ဦးပိုင်အမှတ် (၉၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မော်လီထံမှ ကျွန်တော် ဦးညွန့်လင်းက (၂၀-၁၀-၂၀၁၁)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါ ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် (၁၃-၂-၂၀၂၆)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်မေကျော်သာနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**ဦးညွန့်လင်း (ဘ)ဦးဖိုးကြူ**
**၅/ဝလန(နိုင်)၀၈၃၀၇၀**
**(ဃ-၂/၁၈)၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်နံပါတ်(၅၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်စိန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်လွင်(ဘ)ဦးစောလွင်(၈/ဂဂန(နိုင်)၀၅၉၂၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၈)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးရန်အောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းစန္ဒာလင်း (ဘ)ဦးစိုင်းမောင်မောင်(၉/မရမ(နိုင်)၀၀၀၅၇၀)(၎င်း၏ခင်ပွန်းဖြစ်သူကိုယ်စား ဦးဝင်းလတ်ဖြိုး(၉/မရမ(နိုင်)၀၀၃၇၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင် (LL.M)** **ဦးကြည်ယံ (LL.M)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမိုမိုထွန်း (LL.B)**
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်နံပါတ်(၄၆-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်သဇင်မေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငွေးကြည်(ဘ)ဦးခင်(ခ)ဦးမောင်ခင်(၉/မနတ(နိုင်)၀၁၈၁၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသဇင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ဦးမြမောင်(ဘ)ဦးမြနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်နေ ဒေါ်စိန်ကြည်(ခ)ဒေါ်ပြည့်(ဘ)ဦးညို အမျိုးသား မှတ်ပုံတင်အမှတ်(AE-၂၁၆၈၃၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးမြမောင်(ဘ)ဦးမြနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် အကွက်(၆၈/က)၊ ဦးပိုင်(၁)၊ ၁၁လမ်း၊ ၈၆လမ်းနှင့်၈၇လမ်းကြားရှိ အရှေ့သို့လားသော် ဦးဖြူဝင်းနှင့် ဦးမျိုးမြေအစပ်၊ အနောက်သို့လားသော် (၁၀)ပေလမ်း၊ တောင်သို့လားသော် ဦးဒေါင်းညို၊ ဦးမောင်အေး၊ ဦးစိုင်း၊ ဦးမြမောင်နှင့် ဦးသီဟန်မြေအစပ် မြောက်သို့လားသော် ဦးအောင်သန်း၊ ဦးဝင်းဇော်၊ ဦးကျော်ရွှေမြေအစပ် အကျယ်အဝန်း(၀ ဒသမ ၂၆၂၃)ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်ကြည်မှ ၎င်း၏မိဘများဖြစ်ကြသော ဦးညို+ဒေါ်အုံးတင်တို့မှတွင် မူလမြေပိုင်ရှင် ဒေါ်ထွေးထံမှ ၁၃-၃-၁၉၈၀ ရက်စွဲပါ အရပ်ကတိစာချုပ်အရ နေထိုင်ပိုင်ဆိုင်သည့် မြေနေရာဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေနေရာ၏ မူလပိုင်ရှင်ဖြစ်သော ဦးညို+ဒေါ်အုံးတင်တို့မှာ အသီးသီးကွယ်လွန်သွားခဲ့ကြပြီဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအမွေဆက်ခံခွင့်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်ကြည်(ခ)ဒေါ်ပြည့်မှ အဆိုပါမြေနေရာအား တရားဝင်စီမံခန့်ခွဲပိုင်ခွင့်နှင့်တကွ ပိုင်ဆိုင်လျက်ရှိနေပါသည်။ ဒေါ်စိန်ကြည် (ခ)ဒေါ်ပြည့်၏ မိဘများဖြစ်ကြသော ဦးညို+ ဒေါ်အုံးတင်တို့မှ အဆိုပါမြေနေရာနှင့်ပတ်သက်၍ ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်းကိစ္စရပ်များအား မည်သည့်အချိန်ကမျှ ပြုလုပ်ခဲ့ခြင်းမရှိခဲ့ပါ။

ယခုအခါ ဦးမြမောင်(ဘ)ဦးမြ အမျိုးသားမှတ်ပုံတင်အမှတ်မှ အဆိုပါမြေနေရာနှင့်ပတ်သက်၍ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းစတဲ့ ကိစ္စရပ်များနှင့်စပ်လျဉ်းသော စာချုပ်စာတမ်းအတုအပများပြုလုပ်ကာ ၎င်း၏သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများအား ပြုမူဆောင်ရွက်နေသည်ကို ကြားသိရပါသည်။ ထို့ကြောင့် ဦးမြမောင်အနေဖြင့် အဆိုပါကိစ္စရပ်များအား ချက်ချင်းရပ်တန့်ပေးပါရန်နှင့် ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်ကြည်(ခ)ဒေါ်ပြည့်အပေါ် နစ်နာစေရန် အကြောင်းကိစ္စရပ်များ ဆက်လက်၍ လုပ်ဆောင်နေပါက ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း ဦးမြမောင်(ဘ)ဦးမြနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စိန်ကြည်(ခ)ဒေါ်ပြည့်(ဘ)ဦးညို**
**AE-၂၁၆၈၃၄**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မြင့်ဦး (LL.B) (DPS)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၉၁)**
**၂၅လမ်း၊ ၈၂လမ်းနှင့်၈၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၄၅၈၇၉**

## မန္တလာမြေ အိမ်ခြံမြေနှင့် မြေယာသင်တန်းအမှတ်စဉ်(၆)

(၁) မြေအမျိုးအစား၊ ဂရန်သစ်၊ မြေငှားဂရန်လျှောက်ထားမှု၊ ဂရန်အမည်ပြောင်း၊ ဘိုးဘအမည်ပယ်ဖျက်၊ ဖြည့်စွက်၊ ဂရန်သက်တမ်းတိုး၊ဦးပိုင်ခွဲ၊မြေပုံမြေရာဇဝင်ရေးကူးခြင်း၊ မြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ။

(၂) ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ပုံစံ(၇)နှင့်အခြားနည်းသုံးစွဲခွင့်။

(၃) အာမခံကိစ္စ၊ ဘဏ်ကိစ္စရပ်များ။

အထက်ပါအကြောင်းအရာများအပြင် သင်တန်းသားများ သိသင့်၊ သိထိုက်သော မြေအကြောင်းသိကောင်းစရာများကို ဦးအေးကျော်မြင့်(ဌာနမှူး၊မြေယာ(ငြိမ်း)ကော်လီတွော် အရာရှိ(ငြိမ်း)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဦးမြင့်ဆွေ သစ်တောရေးရာ ဝန်ကြီးဌာန အရာရှိ(ငြိမ်း)၊ လုပ်သက်ရင့်နည်းပြဆရာ၊ အာမခံလုပ်ငန်း)တို့က သင်ကြားပို့ချပါမည်။

| | |
|---|---|
| သင်တန်းကြေး | - (၁၄၀၀၀ိ/-) |
| သင်တန်းဖွင့်ရက် | - (၁၉-၂-၂၀၂၆)မှ (၅-၃-၂၀၂၆) ရက်အထိ။<br>နံနက်(၈း၃၀)နာရီမှ (၁၀း၃၀)နာရီအထိ။ |
| ဆက်သွယ်ရန်နှင့် သင်တန်းနေရာ | - သရက်ကုန်း၊ မဟာဇေယျာဘုံ၊ ၅၆လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြား၊ |

အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၁၈၇၆၊ ၀၉-၂၀၁၉၆၅၅

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးရန်ပိုင်ဦး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးရန်ပိုင်ဦး(၉/မရတ(နိုင်)၀၉၆၁၃၃)ထံမှ ကျွန်တော် ဦးကျော်ထူးက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင် (၉ /ပကခ(နိုင်)၀၁၅၁၈၈)**
**(ဒဒ-၄၅ / ၂၃+၂၄)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၂၃၄၄၄၉၊ ၀၉-၄၄၄၂၅၉၅၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်အမှတ်(၁၂၉)၏ မြောက်ဘက်ခြမ်းနေ ဦးလှမြင့်(ဘ)ဦးထွန်းရီ(၉/မရတ(နိုင်)၀၉၇၂၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်အမှတ်(၁၂၉)မှာ မန္တလေးအရှေ့တောင်မြို့နယ်၊ မြို့ကွက်သစ်နေရာချထားရေးအဖွဲ့မှ ဒေါ်သန်းမြင့် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြောက်ဘက်ခြမ်း အရှေ့အနောက်ပေ(၆၀)၊ တောင်မြောက်ပေ(၂၀)မြေကွက်ကို ဦးလှမြင့်မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူ နေထိုင်လျက်ရှိသည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

ထိုကဲ့သို့ ဝယ်ယူပြီးနောက် မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများ အသိမ်းလွန်၍ ပျောက်ဆုံးနေပါသောကြောင့် ရောင်းမှား၊ ဝယ်မှား မဖြစ်စေရေးအတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးလှမြင့်(ဘ)ဦးထွန်းရီ**
**(၉ /မရတ(နိုင်)၀၉၇၂၃၆)**

**လွှဲအပ်ချက်အရ-**
**ဦးလှိုင်မင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**(က-၁/၅၇)၊ မြို့သစ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၃၇၁၉၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၉)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အပါအဝင် ဝင်းခြံအကာအရံပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ၁။ဦးဆန်းအောင်(ဘ) ဦးတင်မောင်ညွန့်(၇/ပတန(နိုင်)၀၁၉၅၃၄)၊ ၂ဒေါ်ညွန့်ညွန့်ဝင်း(ဘ)ဦးတင်မောင်ညွန့်(၉/မရတ(နိုင်)၀၀၈၄၇၆)၊ ၃။ဒေါ်ငွေးငွေးဝင်း(ဘ)ဦးတင်မောင်ညွန့်(၉/မရတ(နိုင်)၀၀၈၄၇၇)၊ ၄။ဦးမောင်မောင်ညွန့်(ဘ)ဦးတင်မောင်ညွန့်(၉/မရတ(နိုင်)၀၄၆၃၃၂)၊ ၅။ဦးကြည်ဝင်း(ဘ)ဦးတင်မောင်ညွန့်(၉/မရတ(နိုင်)၀၀၈၄၇၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

❖ နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သောလျှပ်စစ်ဓာတ်အားကို ထုတ်ယူပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်ရည်ရွယ်ထား ...

❖ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ ...

❖ ထို့အပြင် နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ် ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်၏ မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ
ပတ်ဝန်းကျင် ထိန်းကြစို့။

## ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ အချိန်စာရင်းထုတ်ပြန်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူကျင်းပသော အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်စာဖြေဌာနများတွင် ဖော်ပြပါအချိန်ဇယားအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| နေ့ရက် | ခွင့်ပြုချိန် | ဘာသာ |
|---|---|---|
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၃) ရက် (၁၈-၅-၂၀၂၆) တနင်္လာနေ့ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | ယဉ်ကျေးမှုကျင့်ဝတ် |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၄) ရက် (၁၉-၅-၂၀၂၆) အင်္ဂါနေ့ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | ဗုဒ္ဓဘာသာမြန်မာစာ |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၅-၂၀၂၆) ဗုဒ္ဓဟူးနေ့ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ | အခြေခံအဘိဓမ္မာ |

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန



## ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများအား စတုတ္ထအသုတ်အဖြစ် ၂၆၇ ဦး ထပ်မံပြန်လည်ခေါ်ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများ ပြည်ပတွင် နေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများမှတစ်ဆင့် အခက်အခဲများကို တင်ပြတောင်းခံလာပါက လိုအပ်သည့်ကူညီစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက်သတင်းပို့သည့် မြန်မာနိုင်ငံသားများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၄ သို့ ❐

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ပြင်သစ်ဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

ပါရီ ဖေဖော်ဝါရီ ၆

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ပြင်သစ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် လိုရီယန့်အသင်းနှင့် နိစ်အသင်း၊ လိုင်ယွန်အသင်းနှင့် လန်းစ်အသင်း၊ မာဆေးလ်အသင်းနှင့် တူးလော့စ်အသင်း၊ စတာရာဘော့စ်အသင်းနှင့် ရိမ်းစ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပြင်သစ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် မတ် ၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0

